United States Chin Coalition (USCC) ၂ နှစ်ပြည့် နှစ်ပတ်လည်နေ့အတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဆာဆာ၏ မိန့်ခွန်း။

၂၀၂၃ ခုနှစ် ဇူလိုင်လ (၂) ရက်နေ့

ဆလိုင်းတင်မောင်ဦး၏ ကျော်ကြားတဲ့ ပြောဆိုချက်ဖြစ်တဲ့ "မင်းတို့ ငါ့ခန္ဓာကိုယ်ကိုသာ သတ်လို့ရမယ်၊ ငါ့ယုံကြည်ချက်နဲ့ ရပ်တည်ချက်ကို သတ်လို့မရဘူး" ဆိုတဲ့စကားက ယနေ့အထိ ကျွန်ုပ်တို့အတွက် ခွန်အားစေဖြစ်သည်။ ဤတိုက်ပွဲသည် ထာရဝဘုရား၌သာမူတည်ပြီး အောင်မြင်မှုသည် မြန်မာပြည်သူများ၏ လက်ထဲတွင်ရှိသည်။ တရားမျှတမှုသည်လည်း မေတ္တာ၊ မျှော်လင့်ချက်၊ ငြိမ်းချမ်းရေးနှင့် လွတ်လပ်ရေးအလင်းရောင်အတွက်ဖြစ်သည်။

ကျွန်တော့်ကို ယခုလို မိန့်ခွန်းပြောဖို့ ဖိတ်ကြားသည့်အတွက် ချစ်လှစွာသော United States Chin Coalition (USCC) ခေါင်းဆောင်များအား ကျေးဇူးတင်ပါသည်။ လွတ်လပ်မှုနှင့် ဖက်ဒရယ်ဒီမိုကရေစီ တိုက်ပွဲအတွက် ကြီးမားသော အထောက်အပံ့များပေးတဲ့အတွက် USCC ကို ကျေးဇူးတင်ပါသည်။ အကြမ်းဖက်စစ်ကောင်စီ၏ ဖိနှိပ်အကြမ်းဖက်ခြင်းများမှ လွတ်မြောက်မည့် မြန်မာပြည်သူလူထု၏ နေ့ရက်တိုင်းသည် လွတ်လပ်မှုနှင့် ဖက်ဒရယ်ဒီမိုကရေစီနှင့် တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သည်။ မြန်မာပြည်သူလူထုများသည် အကြမ်းဖက်စစ်အာဏာရှင်လက်အောက်တွင် ဒုက္ခခံစားခဲ့ရသည်မှာ နှစ်ပေါင်းအတော်ကြာပြီဖြစ်သည်။

United States Chin Coalition (USCC) ကို ဖွဲ့စည်းခဲ့တဲ့ နှစ်နှစ်အတွင်း အတားအဆီး အခက်အခဲပေါင်းများစွာ ရင်ဆိုင်ခဲ့ရသော်လည်း အဖွဲ့ဝင်များအနေဖြင့် မိမိတို့တိုင်းပြည် ဖက်ဒရယ်ဒီမိုကရေစီရရှိရေးအတွက် ကြံ့ကြံ့ခံပြီး ရပ်တည်ပေးကြသည့်အတွက် ကျေးဇူးတင် ဂုဏ်ပြုအပ်ပါသည်။ တော်လှန်ရေးခရီးစဉ်က ခက်ခဲကြမ်းတမ်းသော်လည်း USCC အဖွဲ့သားများသည် ဖက်ဒရယ်ဒီမိုကရေစီအနာဂတ်အတွက် ဆက်လက်လုပ်ဆောင်နေကြသည်ကို တွေ့ရပါသည်။

မြန်မာ့နွေဦးတော်လှန်ရေးသည် ချင်းတူမီးသေနတ်များဖြင့် လွန်ခဲ့သော (၂၇)လက စတင်ခဲ့သည်။ ဘုရားသခင်၏အကူအညီနှင့် ပြည်သူလူထု၏ စွန့်လွှတ်အနစ်နာခံမှုများဖြင့် သုံညမှ စတင်ခဲ့သည့် နွေဦးတော်လှန်ရေးသည် လွတ်လပ်မှုနှင့် ဖက်ဒရယ်ဒီမိုကရေစီထွန်းကားသည့် ထူးခြားကောင်းမွန်သော အနာဂတ်သစ်အတွက် ယခုအခါ ဒရုန်းများဖြင့် တော်လှန်နိုင်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ တူမီးသည် ချင်းလူမျိုးများအတွက် အရေးပါသောအစိတ်အပိုင်းဖြစ်ပြီး သမိုင်းအရ တောရိုင်းတိရိစ္ဆာန်များ၏ တိုက်ခိုက်မှုရန်မှ အသက်ကိုကာကွယ်ရာတွင် အသုံးပြုကြသည်။ သို့သော်လည်း ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အကြမ်းဖက်စစ်ကောင်စီများက မတရားအာဏာသိမ်းပြီး ပြည်သူလူထု၏ အခြေခံလွတ်လပ်မှုနှင့် လူ့အခွင့်အရေးကို တိုက်ခိုက်ခံရသည့်နေ့မှစပြီး ပထမကမ္ဘာစစ်ကတည်းက ရဲရင့်ခြင်းနှင့် သစ္စာရှိခြင်းအတွက် ရပ်တည်ခဲ့ကြသည့် မိမိတို့ချင်းလူမျိုးများ၏ အသက်အိုးအိမ်ကိုကာကွယ်ဖို့ရန်အတွက် အကြမ်းဖက်စစ်အာဏာရှင်ကို တူမီးဖြင့် ပြန်လည်တော်လှန်ခဲ့ကြသည်။

ဒါဟာ ကျွန်တော်တို့ပြည်သူတွေအတွက် လွတ်လပ်မှုကို ကာကွယ်ဖို့ ပထမဆုံးအကြိမ်မဟုတ်ပေ။ ၁၉၁၄ ခုနှစ် ပထမကမ္ဘာစစ်ကတည်းကပင် ချင်းအမျိုးသား ၁,၀၀၀ ကျော်တို့သည် အမိမြေမှ ဥရောပနိုင်ငံများအထိ ခရီးနှင်ပြီး လွတ်လပ်ရေးအတွက် အတူတကွတိုက်ပွဲဝင်ခဲ့ကြသည်။ အလားတူ ဒုတိယကမ္ဘာစစ်အတွင်းတွင်လည်း ကျွန်တော်တို့ ဘိုးဘေးများသည် အခြားလွတ်လပ်ရေးသူရဲကောင်းများနှင့်အတူ လွတ်လပ်ရေးအတွက် စွမ်းစွမ်းတမံ တိုက်ပွဲဝင်ခဲ့ကြသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက်လည်း ဘိုးဘေးများက အစွမ်းကုန်တိုက်ပွဲဝင်ခဲ့ကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့ခြင်းသည် တိုင်းရင်းသားညီကိုမောင်နှမဘိုးဘေးများနှင့် လွတ်လပ်ရေးဖခင်လည်းဖြစ်သည့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းတို့၏ စည်းလုံးညီညွတ်စွာ တော်လှန်ခဲ့မှုကြောင့်ဖြစ်သည်။

တိုင်းရင်းသားခေါင်းဆောင်များနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ သဘောတူစာချုပ်ချုပ်ဆိုခဲ့သည် ပင်လုံစာချုပ်ပါအချက်များကိုသာ အကောင်အထည်ဖော်ဆောင်နိုင်ခဲ့လျှင် ယနေ့ချင်းပြည်နယ်သည် ဖက်

ဒရယ်ဒီမိုကရေစီ၏အနှစ်သာရများ၊ ကိုယ့်ကံကြမ္မာကိုယ့်ဖန်တီးခြင်း စံချိန်စံနှုန်းများနှင့်အတူ ချမ်းသာကြွယ်ဝသော ပြည်နယ်တစ်ခု ဖြစ်နေလောက်ပြီဖြစ်သည်။ သို့သော် အကြမ်းဖက်စစ်အာဏာရှင်များ၏ မတရားအာဏာသိမ်းခြင်းကြောင့် တစ်ချိန်က အာရှတိုက်တွင် အချမ်းသာဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည့် မြန်မာနိုင်ငံသည် ယနေ့ကမ္ဘာပေါ်တွင် အဆင်းရဲဆုံးနိုင်ငံတစ်ခု ဖြစ်လာခဲ့သည်။ သမိုင်းတွင် မြန်မာနိုင်ငံသည် စင်ကာပူနိုင်ငံထက်ရှေ့ရောက်ခဲ့သော်လည်း လက်ရှိတွင် မြောက်ကိုရီးယားနိုင်ငံထက် နိမ့်သောအဆင့်ရောက်ရှိနေပြီဖြစ်သည်။ အကယ်၍ လွန်ခဲ့သောနှစ်များက အကြမ်းဖက်စစ်အာဏာရှင်များကသာ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ရပ်တန့်ခဲ့လျှင် ယနေ့ မြန်မာနိုင်ငံသည် ဂျာမနီ၊ ယူကေ၊ ယူအက်စ်အေ သို့မဟုတ် ဩစတြေးလျကဲ့သို့သော အခြား ဖက်ဒရယ်ဒီမိုကရက်တစ်နိုင်ငံများကဲ့သို့ အောင်မြင်နိုင်ခဲ့ပြီး ကမ္ဘာကြီးအတွက် ပိုမိုကောင်းမွန်သော နေရာတစ်ခုဖြစ်စေရန် ကမ္ဘာလုံးဆိုင်ရာစင်မြင့်ပေါ်တွင် ၎င်း၏မှန်ကန်သောနေရာကို ထမ်းဆောင်နိုင်ခဲ့မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ နောက်ဆုံးတော်လှန်ရေးဖြစ်သည့် နွေဦးတော်လှန်ရေးတွင် အကြမ်းဖက်စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်ချေမှုန်းပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက် ချင်းပြည်သည်လည်း ၎င်း၏အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်။ နွေဦးတော်လှန်ရေးသည် လက်ရှိမျိုးဆက်များအတွက်သာမကပဲ နောင်လာနောင်သားမျိုးဆက်များအတွက် သမိုင်းသစ်ရေးထိုးမည့် အရေးတော်ပုံလည်းဖြစ်သည်။ မြန်မာနိုင်ငံသည် အာရှတိုက်တွင်သာမက ကမ္ဘာ့အလည်တွင် နေရာမှန်ကို ပြန်လည်ရရှိစေရမည်။

လွန်ခဲ့တဲ့ (၂၇) လကျော်အတွင်း မြန်မာနိုင်ငံရှိ စစ်အာဏာရှင်များက နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော်သမ္မတဦးဝင်းမြင့်အပါအဝင် အပြစ်မဲ့ အရပ်သား ၂၃,၀၀၀ ကျော်ကို တရားမဝင် ဖမ်းဆီးခဲ့ပါသည်။ ထိုစစ်ဗိုလ်ချုပ်များကပင် အရပ်သား ၄,၀၀၀ ကျော်သေဆုံးမှုနှင့် ဆေးရုံများ၊ ကျောင်းများ၊ ခရစ်ယာန်ဘုရားကျောင်းများနှင့် ဘုန်းကြီး ကျောင်းများအပါအဝင် နေအိမ်ပေါင်း ၆၇,၀၀၀ ကျော် ပျက်စီးဆုံးရှုံးခြင်းအတွက်လည်း တာဝန်ရှိသည်။ စစ်အာဏာရှင်များက အရပ်သားများ

အပေါ် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်သူပေါင်း ၂ သန်းနီးပါး အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ရပြီး ပြည်သူပေါင်း ၁၈ သန်းကျော် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းသို့ရောက်ရှိရန် တွန်းအားပေးခဲ့သည်။ မြန်မာနိုင်ငံလူဦးရေ၏ထက်ဝက်ကို ဆင်းရဲနွမ်းပါးမှုဘေးသို့ ရောက်ရှိစေခဲ့သည်။ အကြမ်းဖက်စစ်အာဏာရှင်များကိုးကွယ်သော အကြမ်းဖက်ခြင်း၊ မှောင်မိုက်ခြင်းနှင့် ဖိနှိပ်ချုပ်ခြယ်ခြင်းများသည် အနာဂတ် မြန်မာနိုင်ငံတွင် ပပျောက်ရတော့မည်ဖြစ်သည်။

လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်နေသည့် စစ်အာဏာရှင်များက မြန်မာပြည်သူလူထုအပေါ် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများ နေ့စဉ်ကျူးလွန်နေသော်လည်း ရဲစွမ်းသတ္တိရှိသော မြန်မာပြည်သူများသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ဖက်ဒရယ်ဒီမိုကရေစီ မရမချင်း အရှုံးမပေး လက်မမြှောက်ပဲ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်သည်။ အကြမ်းဖက်စစ်အာဏာရှင်များ၏ အမှောင်ထုကို ဖက်ဒရယ်ဒီမိုကရေစီ အလင်းရောင်ဖြင့်အစားထိုးပြီး၊ အကြမ်းဖက်စစ်ကောင်စီ၏ နိုင်ထက်စီးနင်းမှုကြောင့် ခံစားနေရသည့် နာကျင်ခြင်းနှင့် ဆင်းရဲဒုက္ခများကို လွတ်လပ်ခြင်းနှင့် သာယာဝပြောခြင်းများဖြင့် အစားထိုးသွားမည်ဖြစ်သည်။

အကြမ်းဖက်စစ်ကောင်စီသည် သူတို့၏ အကြံအစည်ဆိုးများဖြင့် ပိတ်မိနေသဖြင့် မြန်မာပြည်သူများကို စောင့်ကြိုနေသည့် တောက်ပသော အနာဂတ်ကို ဘယ်တော့မှ မြင်ခွင့်ရမည်မဟုတ်ပါ။ အကြမ်းဖက်စစ်အာဏာရှင်များသည် ပြည်သူများ၏ အသက်အိုးအိမ်များကို ဖျက်ဆီးရုံသာမကပဲ ပြည်သူများ၏ ဆင်းရဲဒုက္ခအမျိုးမျိုး၊ ငတ်မွတ်ခေါင်းပါးခြင်းများကို “ဖြတ်လေးဖြတ် ပေါ်လစီ”အောက်တွင် လက်နက်သဖွယ်အသုံးချနေခြင်းဖြစ်သည်။ အာဏာသိမ်းစစ်ကောင်စီသည် ချင်းပြည်နယ်၊ ထန်တလန်မြို့ အပါအဝင်တိုင်းပြည်အနှံ့ရှိ မြို့ရွာများကို ပြာကျသည်အထိ မီးရှို့ဖျက်ဆီးကြသည့်အပြင် မိုခါမုန်တိုင်း၏ရိုက်ခတ်မှုကြောင့် လိုအပ်နေသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုလည်း တားဆီးပိတ်ပင်နေကြသည်။ အကြမ်းဖက်စစ်ကောင်စီသည် ပြည်သူများကို ကြောက်ရွံ့စိတ်များမွေးစေလိုသော်လည်း ချင်း

ပြည်သူများနှင့် မြန်မာတနိုင်ငံလုံးရှိ ပြည်သူများ၏စိတ်ထဲတွင် ဆလိုင်းတင်မောင်ဦးလို ခံယူချက် အခိုင်အမာ ကိန်းဝပ်နေသည်ကို သူတို့အနေနဲ့ နားလည်နိုင်စွမ်းမရှိပေ။

The Burma Acts NDAA of the USA ကိစ္စ အပါအဝင် အခြားအရေးကြီးသော ထောက်ပံ့ကူညီမှုများအတွက် အားလုံးကို ကျေးဇူးတင်ကြောင်း ထပ်လောင်းပြောကြားလိုပါသည်။ Burma Acts of NDAA ပါ အချက်များ အားလုံးကို မြန်မာမြေပြင်တွင် အပြည့်အဝ အကောင်အထည်ဖော်ဆောင်ပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းသည်အထိ အစွမ်းကုန် ကူညီပေးကြပါရန် မေတ္တာရပ်ခံလိုပါသည်။ Burma Acts of NDAA ပါ အချက်များသာမက အာဆီယံ၏ ဘုံသဘောတူညီချက် ၅ ချက်နှင့် UN လုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံ နှင့်ပတ်သက်သည့် သမိုင်းဝင် ဆုံးဖြတ်ချက်များအားလုံးကို မြန်မာမြေပြင်တွင် အကောင်အထည်ဖော် ဆောင်ရန် အရေးကြီးပါသည်။

မြန်မာနိုင်ငံတွင် တွေ့ကြုံနေရသော ဆင်းရဲဒုက္ခများနှင့် ပဋိပက္ခများအားလုံးကို အဆုံးသတ်နိုင်ရန် အတွက် လိုအပ်သည့် အပြည်ပြည်ဆိုင်ရာ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အကူအညီများရရှိနိုင်ရန် အားလုံးအတူတကွ အစွမ်းကုန်ကြိုးစားလုပ်ဆောင်ရန် တိုက်တွန်းအပ်ပါသည်။ ထိုကဲ့သို့ပြုလုပ်ရာတွင် စစ်ကောင်စီအား လေယာဉ်ဆီများထောက်ပံ့ပေးသော ဘဏ်များ၊ လုပ်ငန်းများ၊ MOGE နှင့် လက်နက် ရောင်းဝယ်မှု ဈေးကွက်များအပေါ် ထိရောက်သော ပစ်မှတ်ထား အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများ ပိုမို ပြင်းထန်စွာပြုလုပ်နိုင်ရန် ကြိုးစားလုပ်ဆောင်သွားမည်။ တချိန်တည်းမှာပင် အပြည်ပြည်ဆိုင်ရာမှ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် မြန်မာပြည်သူများ၏ လိုအင်ဆန္ဒကို လျစ်လျူမရှုပဲ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) ကို မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြု ဆက်ဆံပေးကြဖို့ အလွန်အရေးကြီးပါသည်။ တရားမဝင် အကြမ်းဖက်စစ်ကောင်စီအား ထောက်ပံ့ခြင်းများအားလုံး ရပ်တန့် ပြီး NUG နှင့်အတူ လွတ်လပ်ရေး လှုပ်ရှားမှုများအားလုံးကို စတင်ထောက်ခံအားပေးရန် အချိန်တန်ပြီ ဖြစ်သည်။ မြန်မာနိုင်ငံတွင် နောက်ထပ် လူမျိုးတုံးသတ်ဖြတ်မှုများဖြစ်ပွားခြင်းမှ ကာကွယ်ပြီး စစ် ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများအတွက် အကြမ်းဖက်စစ်

ကောင်စီနှင့် အပေါင်းအပါများအား အရေးယူနိုင်ရန် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင်အမှုရင်ဆိုင်နေရသည့် ရိုဟင်ဂျာလူမျိုးများအပေါ် စစ်အာဏာရှင်များက လူမျိုးတုံးသတ်ဖြတ်ခဲ့ခြင်းကိစ္စအတွက် NUG က မြန်မာနိုင်ငံကိုယ်စားပြုရန် အရေးကြီးပါသည်။ လူမျိုးတုံးသတ်ဖြတ်သည့် အကြမ်းဖက်စစ်ကောင်စီအား အပြည်ပြည်ဆိုင်ရာရှေ့မှောက်တွင် မြန်မာနိုင်ငံကို ကိုယ်စားပြုရန် အခွင့်အရေးပေးခြင်းသည် ဥပဒေကိုဆန့်ကျင်ခြင်း၊ မမှန်ကန်ခြင်း၊ တရားမဝင်ခြင်း၊ မှားယွင်းသည့်ဆုံးဖြတ်ချက်ဖြစ်သည့်အပြင် အကြမ်းဖက်စစ်ကောင်စီ၏စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများ၏သားကောင်ဖြစ်သည့် မြန်မာပြည်သူလူထုအား စော်ကားရာရောက်သည်။ အပြည်ပြည်ဆိုင်ရာယန္တရားများဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) နှင့် အပြည်ပြည်ဆိုင်ရာဥပဒေများမှတဆင့် မြန်မာပြည်သူလူထုအပေါ် ရာဇဝတ်မှုများ ပေါ်ပေါ်တင်တင် ပွင့်ပွင့်လင်းလင်း လွတ်လပ်စွာကျူးလွန်နေသည့် အကြမ်းဖက်စစ်အာဏာရှင်များနှင့် အပေါင်းအပါများအားလုံးကို ၎င်းတို့အပြစ်များအတွက် ပြန်လည်ပေးဆပ်စေရမည်။ မြန်မာပြည်သူများအတွက် တရားမျှတမှုမရမခြင်း ဘယ်တော့မှ အနားယူမည် မဟုတ်ပါ။

တရားမျှတခြင်းသည် မြန်မာနိုင်ငံ၏အနာဂတ်ဖြစ်ပြီး လွတ်လပ်မှုသည် မြန်မာနိုင်ငံ၏အနာဂတ်ဖြစ်သည်။ မြန်မာနိုင်ငံ၏အနာဂတ်သည် မြန်မာပြည်သူ ၅၄ သန်း၏လက်ထဲတွင် တည်ရှိသည်။ မြန်မာပြည်သူများအပေါ် ရာဇဝတ်မှုများကျူးလွန်နိုင်ရန် အကြမ်းဖက်စစ်ကောင်စီကို ထောက်ပံ့ပေးသော နိုင်ငံများအနေဖြင့် အကြမ်းဖက်စစ်ကောင်စီအား ထောက်ပံ့မှုများအားလုံး ရပ်တန့်ပြီး ဒေသတွင်းနှင့် ကမ္ဘာတစ်ခုလုံးအတွက် တည်ငြိမ်အေးချမ်းရေးနှင့် ချမ်းသာကြွယ်ဝမှုများတည်ရှိသည့် အနာဂတ် ဖက်ဒရယ်မြန်မာနိုင်ငံအတွက် စတင်ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းအပ်ပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့စီးပွားရေးအတွက် မြေသြဇာကောင်းသော မြေကွက်သစ်တစ်ခုဖြစ်ပြီး လူမျိုးတုံးသတ်ဖြတ်သည့် အကြမ်းဖက်စစ်ကောင်စီကို ဖယ်ရှားလိုက်သည်နှင့်တစ်ပြိုင်နက် ၎င်း၏အလားအလာကို အကောင်အထည်ဖော်နိုင်ပါလိမ့်မည်။ ငြိမ်းချမ်းရေး၊ ကြွယ်ဝချမ်းသာခြင်း၊ လွတ်လပ်မှုနှင့် ဖက်ဒရယ် ဒီမိုကရေစီနေ့ရက်များသည် ကျွန်တော်တို့နှင့် အနီးမဝေးတွင် စောင့်ကြိုနေပါသည်။

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် လူမျိုးတုံးသတ်ဖြတ်သည့် အကြမ်းဖက်စစ်အာရှင်စနစ်ကို ချုပ်ငြိမ်းစေပြီး ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကိုယူဆောင်လာပေးမည့် အနာဂတ် ဖက်ဒရယ်ဒီမိုက ရေစီနိုင်ငံတော်အသစ်အတွက် ဒီမိုကရေစီလှုပ်ရှားမှုများကို ထောက်ခံအားပေးရန် ထပ်လောင်းတိုက်တွန်း အပ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်းရော ပြင်ပမှာပါ နေထိုင်ကြသည့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်သူအားလုံးအနေဖြင့် စည်းလုံးမှုကိုဦးထိပ်ထားပြီး ကွဲလွဲမှုများထက် တူညီသည့် ပန်းတိုင်များ ကို အာရုံစိုက်ဖို့ တိုက်တွန်းအပ်ပါသည်။ နိဂုံးချုပ်အနေဖြင့် မြန်မာပြည်သူအားလုံးအတွက် လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှု၊ ကျား/မလိင်ခွဲခြားမှု၊ ဘာသာစကား၊ တိုင်းရင်းသားလူမျိုးစုနှင့် နောက်ခံ အကြောင်းတရား မခွဲခြားပဲ အားလုံးပါဝင်သည့် လွတ်လပ်သော ဖက်ဒရယ်ဒီမိုကရေစီ ချင်းပြည်နယ်နှင့် မြန်မာနိုင်ငံအတွက် တိုက်ပွဲဝင်ခဲ့ကြသည့် ကျဆုံးသွားသော သူရဲကောင်းများအားလုံးကိုလည်း အလေးပြု ဂုဏ်ပြုအပ်ပါသည်။

မြန်မာနိုင်ငံကို ဘုရားသခင်ကောင်းချီးပေးပါစေ။

လေးစားစွာဖြင့်

ဒေါက်တာဆာဆာ

ပြည်ထောင်စုဝန်ကြီး

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ